# အဖိနှိပ်ခံ တိုင်းရင်းသားများနှင့် ပြည်သူများအတွက် စတုတ္ထအကြိမ်မြောက်နိုင်ငံတကာ ချီတက်ဆန္ဒပြပွဲ

**ဘာလင်မြို့၊ ပါရီမြို့၊ ရောမမြို့**

**၂၀၁၁ခုနှစ်၊အောက်တိုဘာလ၊ ၂၂ ရက်၊ စနေနေ့၊ ညနေ ၀၃း၀၀ နာရီ**

အဖိနှိပ်ခံ ပြည်သူများနှင့် တိုင်းရင်းသားများ၏ ခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လွတ်လပ်ခွင့်ဆုံးရှုံးမှုများကို ရှုတ်ချရန် နှင့် ကမ္ဘာနှင့်အဝှမ်း ယင်းတို့အတွက်ယုံကြည်မှုအပြည့်ဖြင့် တိုက်ပွဲဝင်နေသူများ၏ လုပ်ဆောင်ချက်များကို ပိုမိုသိသာထင်ရှားစေရန် ရည်ရွယ်၍ ဤငြိမ်းချမ်းစွာဆန္ဒပြပွဲကို ဆင်နွှဲခြင်းဖြစ်ပါသည်။

ဆိုဆီရတာ လီဘရာသည် လွတ်လပ်၍ ဘက်မလိုက်သော အဖွဲ့အစည်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်စီ၏ မူလအခန်းကဏ္ဍနှင့် လွှမ်းမိုးနိုင်မှု နှင့်တကွ မူလအခွင့်အရေးများကို အသိအမှတ်ပြုသော အဖွဲ့၏ ကိုယ်ပိုင်လစ်ဘရယ်လစ်သဘောထားဖြင့် အဖိနှိပ်ခံမြန်မာ၊ အီရန်၊ တိဘက်နှင့် အူဂူရာပြည်သူများ အတွက် ရောမမြို့တွင် သုံးနှစ်တိုင်တိုင်ချီတက်ပွဲများကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ကမ္ဘာနှင့်အဝှမ်း ပိုမိုဆိုရွားလို့လာသော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ဆိုဆီရတာ လီဘရာသည်သီးခြားအခြေအနေများအတွက် သီးခြားစွာ ဆန္ဒပြပွဲများပြုလုပ်ခြင်းဖြင့် မလုံလောက်နိုင်ဟု ယူဆသဖြင့် ယခုနှစ်တွင် ဥရောပ၏မြို့တော်သုံးခုတွင်တစ်ချိန်တည်း ဆန္ဒပြပွဲများကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

အဖွဲ့အနေဖြင့် ရောမ၊ ပါရီနှင့် ဘာလင်မြို့များတွင် သက်ဆိုင်ရာ ကိုယ်စားလှယ်များဖြင့် ဖြစ်မြောက်ရေးကော်မတီများဖွဲ့စည်း၍ ဤအစီအစဉ်ဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက် ရာတွင် ဥရောပတိုင်းသူပြည်သားများ ပါဝင်လာစေရန်ရည်ရွယ်သည်။

သန်းပေါင်းများစွာသော လူသားများ၏ လူနေမှုအခြေအနေများအတွက် အနောက်ကမ္ဘာနိုင်ငံများ အနေဖြင့် အခိုင်အမာ ရပ်တည် လှုပ်ရှား၍ ယင်းဥရောပနှင့် အင်အားကြီးနိုင်ငံအဖွဲ့များအနေဖြင့် အဖိနှိပ်ခံ လူနည်းစုတိုင်းရင်းသားများနှင့် လူထုများလွတ်မြောက်ရေးအတွက် ဥရောပနေ့ကို ဖွဲ့စည်းကျင်းပခြင်းဖြင့် တိုင်းရင်းသားလူနည်းစုများကို ကာကွယ်စောင့်ရှောက်ရန် နေရာယူ ဆောင်ရွက်စေရမည်ဟု ဤအဖွဲ့မှ ယုံကြည်သည်။

၂၀၁၁၊ အောက်တိုဘာလ ၂၂ရက်၊ ညနေ ၀၃း၀၀နာရီ၌ ဘာလင်မြို့တွင် Checkpoint Charlie မှ Brandenburger Tor၊ ပါရီမြို့တွင် Status of Liberty(Ile aux Cygnes) မှ Trocade'ro၊ရောမမြို့ တွင် Piazza Bocca della Verita' မှ Poazza Navona အထိ ချီတက်၍ ယင်းချီတက်ပွဲများကို သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ခေါင်းဆောင်များမှ ဦးဆောင်ကျင်းပမည်ဖြစ်ပါသည်။ ဖြစ်မြောက်ရေးကော်မတီအနေဖြင့် သတင်း၊ စာနယ်ဇင်းများနှင့် ရေဒီယို၊အင်တာနက် စသော ဆက်သွယ်ရေးဆိုင်ရာများအား မေတ္တာရပ်ခံခြင်းဖြင့် ယင်းတို့မှ ဤအစီအစဉ်၏ အရေးပါမှုကို အသိအမှတ်ပြုကာ အများပြည်သူအတွင်း ပိုမိုပြည့်နှံ့စေမည်ဖြစ်ပါသည်။